# ၁၉၅၇ ခုနှစ်၊ အသက်အာမခံလုပ်ငန်း (တားမြစ်ခြင်း) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၁။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ အသက်အာမခံလုပ်ငန်း (တားမြစ်ခြင်း) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) "အဖွဲ့" ဆိုသည်မှာ၊ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စု အာမခံ စံနစ်အဖွဲ့ အက်ဥပဒေအရ၊ ဖွဲ့စည်းထားသော ပြည်ထောင်စု အာမခံစံနစ်အဖွဲ့ကိုဆိုလိုသည်။

(ခ) "တည်မြဲရေးအလုပ်" ဆိုသည်မှာ၊ အသက်အာမခံလုပ်ငန်းကို လုပ်ကိုင်သူက၊ အသက်အာမခံအလုပ်ကို လက်ခံ၍ကျသင့်သော ပရီမီယံကိုရရှိပြီးနောက်၊ ယင်းအလုပ်၏တည်မြဲနေမှုကို၊ ဆက်လက်ဆောင်ရွက်သောအလုပ်ကိုဆိုလိုသည်။

(ဂ) "အလုပ်သစ်" ဆိုသည်မှာ၊ တည်မြဲရေးအလုပ် မဟုတ်ဘဲ ထပ်မံ၍လက်ခံမည့်အသက်အာမခံအလုပ်သစ်ကိုဆိုလိုသည်။

၃။ ။အခြားတည်ဆဲ တရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော်သမတ သည်၊ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည် နေ့ရက်မှစ၍၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်၊ အသက်အာမခံလုပ်ငန်းကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကသာ လုပ်ကိုင်မည်ဟု ကြေညာ၍၊ အသက်အာမခံလုပ်ငန်းကို လုပ်ကိုင်နေသော အခြားသူများအား၊ အသက်အာမခံလုပ်ငန်းဆိုင်ရာအလုပ်သစ်များလုပ်ကိုင်ခြင်းကို၊ မည်သည့်နေ့ရက်မှစ၍ ရပ်စဲရမည်ဟု၊ အမိန့်ဖြင့်၊ တားမြစ်နိုင်သည်။ ယင်းသို့တားမြစ်သည့်အခါ အဆိုပါအခြားသူများသည်၊ အသက်အာမခံလုပ်ငန်းဆိုင်ရာ အလုပ်သစ်များလုပ်ကိုင်ခြင်းကို၊ ထိုနေ့ရက်မှစ၍ ရပ်စဲရမည်။

ခြွင်းချက်။ ။သို့ရာတွင် အသက်အာမခံလုပ်ငန်းကိုလုပ်ကိုင်နေသောအဆိုပါ အခြားသူများသည်၊ အသက်အာမခံလုပ်ငန်းဆိုင်ရာ တည်မြဲရေးအလုပ်ကို ဆက်လက်လုပ်ကိုင်နိုင်သည်။

၄။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကသာ လုပ်ကိုင်မည့် အသက်အာမခံလုပ်ငန်းကို အဖွဲ့က လုပ်ကိုင်ရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၉၃၊ တရားရေးဝန်ကြီးဌာန, ၂၀-၂-၅၀—၂,၂၁၀—၂။

အဘိုး—၁၀ ပြား]